# ကျောင်းသူကျောင်းသားများ အိမ်တွင်း အင်တာနက် အစီအစဉ်

# တောင်းခံလွှာပုံစံနှင့် အသုံးပြုသူ သဘောတူညီချက်

ကျောင်းသားကျောင်းသူများ အိမ်တွင်း အင်တာနက် အစီအစဉ်သည် မိမိတို့အိမ်တွင် အားထားနိုင်သည့် အင်တာနက်မရှိသော ကျောင်းသားကျောင်းသူများအတွက် အင်တာနက် ရနိုင်သဖြင့်  သူတို့ကို မိမိတို့အိမ်တွင်ပင် ဆက်လက်ပြီး ပညာသင်ကြား လေ့လာစေနိုင်ပါသည်။ ဤပုံစံကိုဖြည့်စွက်ပြီး အစီအစဉ်အတွက် စာရင်းပေးသွင်းထားသည့် ကျောင်းသားကျောင်းသူများအား ကျောင်းစာသင်နှစ်အတွက် မိုဘိုင်း အင်တာနက် ဝန်ဆောင်မှု ပံ့ပိုးပေးမည်ဖြစ်ကာ တိုးချဲ့ပညာသင်ကြားနိုင်စေရန်အတွက် ကျောင်းသားကျောင်းသူတိုင်း မိမိတို့အိမ်တွင် အားကိုးစိတ်ချရသည့် အင်တာနက်ကို တန်းတူညီမျှ အသုံးပြုနိုင်စေပါသည်။

မိမိတို့အိမ်တွင် သင့်တော်လုံလောက်သော အင်တာနက်မရှိသည့် ကျောင်းသားမိဘများနှင့် စောင့်ရှောက်သူများသည် ဤတောင်းခံလွှာပုံစံနှင့် အသုံးပြုသူ သဘောတူညီချက်ကို ဖြည့်စွက်ပြီး မိမိတို့ကျောင်းတွင် မိုဘိုင်း အင်တာနက် ဝန်ဆောင်မှုကို တောင်းခံနိုင်ပါသည်။

အိမ်ထောင်စုတစ်ခုစီတွင် စာရင်းပေးသွင်းပုံစံ တစ်ခုသာလျှင် လိုအပ်ပါသည်။

| | | |
|---|---|---|
| **ကျောင်းအမည် -** | | |
| **ကျောင်းသားကျောင်းသူအမည် -** | | |
| ☐ | ဤဝန်ဆောင်မှုကို အိမ်ထောင်စုတစ်ခုတွင် ကျောင်းသားကျောင်းသူ တစ်ယောက်မက အသုံးပြုမည်လား။ အကယ်၍ အသုံးပြုမည်ဆိုပါက ကျေးဇူးပြုပြီး အကြီးဆုံးကလေး၏ အချက်အလက်များကို သုံးပါ။ | |

| | | |
|---|---|---|
| **မိုဘိုင်း အင်တာနက် ဝန်ဆောင်မှုအတွက် ရွေးချယ်နိုင်စရာများ** | | |
| ☐ | Telstra ဒေါ်န်ဂယ်လ် (dongle) နှင့်  ကတ်တစ်ခု<br>(ကျောင်းသားကျောင်းသူ တစ်ယောက်မက အသုံးပြုမည်ဆိုပါက ဤအချက်ကို ရွေးချယ်ပါ။) | ဒေါ်န်ဂယ်လ် (dongle) ဆိုသည်မှာ အင်တာနက် ချိတ်ဆက်မှု ပံ့ပိုးပေးသည့် သေးငယ်သည့် USB ကိရိယာတစ်ခု ဖြစ်သည်။ |
| ☐ | Telstra SIM ကတ်သာလျှင် အသုံးပြုမည် | အကယ်၍ကျောင်းသားကျောင်းသူသည် မိမိမှာ SIM ကတ် ထည့်နိုင်သော အပေါက်ပါသည့် လက်ပ်တော့ပ် သို့မဟုတ် တက်ဘလက်ရှိပြီး ဝန်ဆောင်မှုကို အခြားသူတစ်ဦးနှင့် မျှ၍အသုံးပြုရန် မလိုအပ်ပါက ကျေးဇူးပြု၍ ဤအချက်ကို ရွေးချယ်ပါ။ |

ဝန်ဆောင်မှုအားလုံးကို ကျောင်းစာသင်နှစ်အဆုံးတိုင်းတွင်ရပ်ဆိုင်းမည်ဖြစ်ရာ မိဘများနှင့်အုပ်ထိန်းသူများသည် နောက်တနှစ်အတွက် တောင်းခံလွှာပုံစံ နောက်တစ်ခု တင်ရန် လိုအပ်ပါသည်။

# အသုံးပြုသူ သဘောတူညီချက်

**ဤသဘောတူညီချက်ကို ကျောင်းသားကျောင်းသူများအား မိုဘိုင်း အင်တာနက် ဝန်ဆောင်မှု မပံ့ပိုးမီ မဖြစ်မနေ လက်မှတ်ထိုးရမည်ဖြစ်သည်။ ဤသဘောတူညီချက်သည် လက်ရှိ 2023 ကျောင်းစာသင်နှစ်အတွက် ဆက်လက်အတည်ဖြစ်နေမည်။**

ပညာရေးဌာန (Department for Education) သည် ကျောင်းသားကျောင်းသူများ မိမိတို့အိမ်တွင် ပညာသင်ကြားနိုင်ရေးဆိုင်ရာ ရည်ရွယ်ချက်ဖြင့်သာလျှင် မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုကို ပံ့ပိုးပေးခြင်းဖြစ်သည်။

***မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုကို ပညာသင်ကြားရေးအတွက် အသုံးပြုရန်သာ ပံ့ပိုးပေးခြင်းဖြစ်သည်။ ဝန်ဆောင်မှုကို တရားမဝင် သို့မဟုတ် မသင့်လျော်သည့် ကိစ္စရပ်များ၊ စက်ဆုပ်ဘွယ်ရာများ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ တစ်တစ်ခွခွအရာများကို ကြည့်ရှုခြင်း၊ လောင်းကစားမှုများ ပြုလုပ်ခြင်း၊ မူပိုင်ခွင့်ရှိသည်များကို ဒေါင်းလုဒ်လုပ်ခြင်း သို့မဟုတ် မျှဝေခြင်း၊ ကြီးနိုင်ငယ်ညှဥ်း ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ သို့မဟုတ် မည်သည့်နည်းဖြင့်မဆို ထပ်တလဲလဲ နှောင့်ယှက်ဒုက္ခပေးခြင်းတို့အတွက် အသုံးပြုမှုကို တင်းကျပ်စွာ တားမြစ်သည်။***

မိုဘိုင်း အင်တာနက် ဝန်ဆောင်မှုကို အသုံးပြုစဉ်အတွင်း မိမိတို့၏ကလေး အန္တရာယ်ကင်းစွာရှိနေရန်မှာ မိဘများနှင့် အုပ်ထိန်းသူများ၏တာဝန်သာ ဖြစ်ပါသည်။ ယင်းအချက်တွင် ဤအင်တာနက် ဝန်ဆောင်မှုအသုံးပြုချိန်တွင် ကျောင်းသားကျောင်းသူများအား သေချာစွာ ကြီးကြပ်ထိန်းသိမ်းခြင်းလည်း ပါဝင်ပါသည်။

မိဘများ သို့မဟုတ် အုပ်ထိန်းသူများသည် ကလေးသူငယ်များအား အွန်လိုင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းစွာရှိနေစေရေးဆိုင်ရာ နည်းလမ်းများပံ့ပိုးသည့် မိဘများအတွက် အင်တာနက်ဆိုင်ရာ ဘေးကင်းလုံခြုံရေးဆိုင်ရာ မှီငြမ်းစရာများ eSafety reources for parents နှင့်အတူ eSafety resources for young people ကိုလည်း လေ့လာရန် အွန်လိုင်း ဘေးကင်းလုံခြုံရေးဆိုင်ရာ ကော်မရှင်နာ eSafety Commissioner ၏ ဝက်ဘ်ဆိုက်ကို ဖွင့်ကြည့်ရန်လည်း အားပေးတိုက်တွန်းပါသည်။ ဤဝက်ဘ်ဆိုက်တွင် အွန်လိုင်း ဘေးကင်းလုံခြုံရေးဆိုင်ရာ သိကောင်းစရာများနှင့်တကွ အင်တာနက်တွင် ခြိမ်းခြောက်အနိုင်ကျင့်မှုများ (cyberbullying) စက်ဆုပ်ဘွယ်ရာ ပါဝင်မှုများနှင့် မိုဘိုင်းဖုန်း လုံခြုံမှုဆိုင်ရာ သီးသန့်ကိစ္စရပ်များလည်း ပါဝင်ပါသည်။

ထို့အပြင်၊ တရုပ်၊ ဂရိ၊ အီတာလျံနှင့် စပိန်ဘာသာအပါအဝင် ဘာသာပြန်ထားသည့် မိဘများနှင့် စောင့်ရှောက်သူများအတွက် အွန်လိုင်းဘေးကင်းလုံခြုံမှု စာအုပ် parent and carers guide to online safety tလည်း ရှိပါသည်။

ဝန်ဆောင်မှုအားလုံးကို သင့်တင့်လျောက်ပတ်သော အချက်အလက်များ အသုံးပြုခြင်းအတွက် အချက်အလက်ပမာဏနှင့်တကွ စိစစ် စောင့်ကြည့်နေမည် ဖြစ်သည်။ အကယ်၍ အသုံးပြုသည့် အချက်အလက်ပမာဏသည် ပညာရေးဆိုင်ရာ ယုတ္တိတန်စွာ အသုံးပြုမှုပမာဏများထက် ကျော်လွန်သည်ဟု သုံးသပ်ရပါက ဌာနအနေနှင့် ဝန်ဆောင်မှုကို ကြိုတင်သတိပေးခြင်းမရှိဘဲ ရပ်ဆိုင်းလိုက်မည်ဖြစ်သည်။

**မိဘ သို့မဟုတ် အုပ်ထိန်းသူအနေနှင့် ကျွန်ုပ်သည် အောက်ဖော်ပြပါအချက်များကို နားလည်၊ အသိအမှတ်ပြုပြီး သဘောတူပါသည် -**

- ဤသဘောတူညီချက်အရ ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများကို နှစ်ဦးစလုံး ရှင်းလင်းစွာ နားလည်သဘောပေါက်ရန်အတွက် ဤသဘောတူညီချက်ကို သေချာစွာဖတ်ရှုပြီး ကျွန်ုပ်၏ကလေးနှင့် ဆွေးနွေးရန် ကျွန်ုပ်တွင် တာဝန်ရှိကြောင်း၊
- အင်တာနက်ဝန်ဆောင်မှုပေးသည့်ကိရိယာ အသုံးပြုရာတွင် အင်တာနက် ပိတ်ဆို့တားဆီးခြင်းမရှိစေရဘဲ၊ ကျွန်ုပ်၏ ကလေး/များ ဤဝန်ဆောင်မှု အသုံးပြုစဉ်ကာလတွင်လည်း သေချာစွာ ကြပ်မတ်ထိန်းသိမ်းရန်မှာ ကျွန်ုပ်၏တာဝန်ဖြစ်ကြောင်း၊
- မိုဘိုင်း အင်တာနက် ဝန်ဆောင်မှုကို ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုခြင်းမှတပါး ကျွန်ုပ်၏ကလေး/များက အခြားသော ကိစ္စရပ်များအတွက် အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် တာဝန်ရှိမှုအား ပညာရေးဌာနမှ တာဝန်မယူကြောင်း၊
- အကယ်၍ မိုဘိုင်း အင်တာနက် ဝန်ဆောင်မှု ချိတ်ဆက်ကိရိယာ ပျက်စီး၊ ပျောက်ဆုံး သို့မဟုတ် အခိုးခံရလျှင် ကျောင်းကို ချက်ခြင်းအသိပေးရန် ကျွန်ုပ်၏တာဝန်ဖြစ်ကြောင်း၊
- ဌာနအနေနှင့် ကြိုတင်သတိပေးခြင်းမရှိဘဲ (မိုဘိုင်း အင်တာနက်ဝန်ဆောင်မှု အလွဲသုံးစားပြုလုပ်ခြင်း အပါအဝင် ထို့အပြင် ဤသို့ပြုခြင်းအပြင် အခြားစိတ်ပူပန်စရာ ကိစ္စရပ်များအတွက်ပါ) အချိန်မရွေး အင်တာနက်ချိတ်ဆက်မှုကို ရပ်ဆိုင်းသို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်ကြောင်း
- ကျောင်းမှ တောင်းဆိုလာပါက မိုဘိုင်း အင်တာနက် ဝန်ဆောင်မှု ချိတ်ဆက်ကိရိယာကို အမြန်ဆုံး ပြန်ပို့ပေးရမည်ဖြစ်ကြောင်း၊

- ဤသဘောတူညီချက်ကို သေချာစွာ လက်မှတ်ထိုးပြီး ကျောင်းသို့ပြန်ပို့ပေးရန် ကျွန်ုပ်၏ တာဝန်ဖြစ်ကြောင်း
- ဤသဘောတူညီချက်နှင့်ပတ်သက်ပြီး ကျွန်ုပ်တွင် ဆွေးနွေးလိုသည့် အကြောင်းအရာများရှိပါက ကျောင်းကိုဆက်သွယ်ရန် ကျွန်ုပ်၏ တာဝန်ဖြစ်ကြောင်း တို့ဖြစ်ပါသည်။

မိဘ သို့မဟုတ် အုပ်ထိန်းသူအမည် - ..............................................................................

မိဘ သို့မဟုတ် အုပ်ထိန်းသူလက်မှတ် - ...........................................................

ရက်စွဲ - ..................................................

အကယ်၍သင့်မှာ မိုဘိုင်း အင်တာနက်ဝန်ဆောင်မှု သို့မဟုတ် ကိရိယာနှင့်ပတ်သက်ပြီး မေးမြန်းစရာ သို့မဟုတ် စိတ်ပူပန်စရာများ ရှိပါက ကျောင်းသို့ဆက်သွယ်ရန် တိုက်တွန်းပါသည်။